

## အစောပိုင်းကလေးဘဝတွင် ကျွန်ုပ်၏ကလေးအတွက် နောက်ထပ်အကြားအာရုံ စစ်ဆေးမှုခံယူဖို့ ဘာကြောင့် လိုအပ်ပါသလဲ။

ကလေးဘဝတွင် အကြားအာရုံ ဆုံးရှုံးမှုအားလုံးကို မွေးကင်းစအရွယ်၌ မတွေ့ရှိရပါ။အကြားအာရုံဆုံးရှုံးမှုသည် အကြောင်းအမျိုးမျိုးကြောင့် အချိန်မရွေး ဖြစ်ပေါ် နိုင်ပါသည်။

သင့်ကလေးကို အကြားအာရုံစစ်ဆေးမှု ခံယူခိုင်းရသည့် အကြောင်းရင်းအချို့မှာ-

- ကလေးဘဝကတည်းက တစ်သက်လုံးအကြားအာရုံဆုံးရှုံးဖူးသူရှိသည့် မိသားစု ရာဇဝင်ရှိခြင်း
- ဦးခေါင်း၊ မျက်နှာ၊ လည်ပင်း သို့မဟုတ် နားများတွင် သိသာသော ကွဲပြားခြားနားမှုရှိခြင်း
- မွေးကင်းစအရွယ်တွင် အချို့ဆေးဝါးများကို ၅ ရက်ကျော်ကြာ သောက်ထားရခြင်း
- အကြားအာရုံ ဆုံးရှုံးနိုင်ခြေရှိနေသော ရောဂါလက္ခဏာကို ရှာဖွေတွေ့ရှိမှု
- မွေးကင်းစကလေး အထူးကြပ်မတ် ကုသဆောင် **(NICU)** တွင် ၅ ရက်ထက်ပို၍ ဆေးရုံတင်ထားရခြင်း
- မိသားစု သို့မဟုတ် ပြုစုစောင့်ရှောက်သူ၏ စိုးရိမ်ပူပန်မှု
- စကားပြော နှင့်/သို့မဟုတ် ဘာသာစကား ဖွံ့ဖြိုးတိုးတက်မှုတွင် နှောင့်နှေးခြင်း

မကြာခဏ စစ်ဆေးမှုပြုလုပ်ရန် အကြံပြုထားပါက **VTEHDI** သည် သင်နှင့် သင့်ကလေး၏ ပြုစုစောင့်ရှောက်ပေးသူထံသို့ စာတစ်စောင် ပေးပို့ပါမည်။

အထက်ဖော်ပြပါစာရင်းနှင့် ပတ်သက်သည့် နောက်ထပ်အချက်အလက်များနှင့် အကြားအာရုံစစ်ဆေးမှု ရက်ချိန်းယူရန် အချိန်နှင့် နေရာတို့အကြောင်း သိရှိရန် **healthvermont.gov/hearing** တွင် ဝင်ရောက်ကြည့်ရှုပါ။.

## Vermont အကြားအာရုံချို့ယွင်းမှုကို စောစီးစွာ ရှာဖွေဖော်ထုတ်ခြင်း နှင့် ကြားဝင်ကူညီရေး (Vermont Early Hearing Detection and Intervention, VTEHDI) အစီအစဉ်

**VTEHDI** အစီအစဉ်သည် **Vermont** တွင် မွေးဖွားသည့် ကလေးအားလုံး၏ အကြားအာရုံ စစ်ဆေးမှု ရလဒ်များကို စောင့်ကြည့်မှတ်တမ်းတင်ကာ သင့်တော်သော အကြားအာရုံ စစ်ဆေးမှုနှင့် နောက်ဆက်တွဲပြသမှုကို ကလေးအားလုံး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန် စီစဉ်ပေးလျက်ရှိသည်။

နောက်ထပ်အချက်အလက်များကို သိရှိရန်

**healthvermont.gov/hearing**တွင်

ဝင်ရောက်ကြည့်ရှုပါ

ဤလက်ကမ်းစာစောင်ကို-

- ပြင်သစ်၊ အာရဗီ၊ ဆွာဟီလီ၊ မြန်မာ၊ ကီရွန်ဒီ၊ နီပေါ၊ ဆိုမာလီ၊ စပိန် ဘာသာစကားတို့ဖြင့်
  ဘာသာပြန်ဆိုထားပြီး ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင် ရရှိနိုင်ပါသည်
- ၎င်းကို အပ်ဒိတ်ပြုလုပ်ထားပြီး **family partners (2022)** နှင့် ပူးတွဲရေးသားပြုစုထားသည်

VERMONT
DEPARTMENT OF HEALTH

**Vermont** အကြားအာရုံချို့ယွင်းမှုကို စောစီးစွာ ရှာဖွေဖော်ထုတ်ခြင်းနှင့် ကြားဝင်ကူညီရေး မိခင်နှင့်ကလေးကျန်းမာရေး ဌာနခွဲ **1-800-537-0076** သို့မဟုတ် **1-802-651-1872 VTEHDI@vermont.gov**

# မွေးကင်းစကလေး အကြားအာရုံစစ်ဆေးမှု



### မိသားစုများအတွက် အချက်အလက်

**Vermont** အကြားအာရုံချို့ယွင်းမှုကို စောစီးစွာ ရှာဖွေဖော်ထုတ်ခြင်းနှင့် ကြားဝင်ကူညီရေး အစီအစဉ်

Burmese

## မွေးကင်းစကလေးအားလုံးကို မွေးကာစအချိန်၌ အဘယ်ကြောင့် အကြားအာရုံ စစ်ဆေးမှု ပြုလုပ်ပေးသင့်သနည်း။

- အကြားအာရုံချို့ယွင်းမှုဖြစ်နေသည်ကို မြင်ရသည်မဟုတ်ပါ။ မိသားစုများသည် သူတို့ကလေး နားမကြားရပါက သူတို့သိနိုင်လိမ့်မည်ဟု ထင်ကြသော်လည်း ၎င်းသည် အမြဲတမ်း မမှန်ကန်ပါ။
- ကလေးတစ်ထောင်လျှင် ၁ ယောက်မှ ၃ ယောက်သည် အတိုင်းအတာတစ်ခုအထိ အကြားအာရုံ ဆုံးရှုံး၍ မွေးဖွားလာကြပါသည်။
- မွေးကင်းစကလေးကို အကြားအာရုံ စစ်ဆေးပေးခြင်းဖြင့် မွေးပြီးပြီးချင်း အစောပိုင်းရက်များတွင် အကြားအာရုံဆုံးရှုံးနိုင်ခြေ ရှိ၊ မရှိကို ရှာဖွေဖော်ထုတ်နိုင်စေသည်။
- မွေးပြီးပြီးချင်း ပထမဆုံးနှစ်သည် စကားပြောနှင့် ဘာသာစကား ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးပါသည်။ ဆူညံသံများနှင့် အသံများကို မကြားနိုင်သည့်အခါ နှောင့်နှေးမှုများ ရှိကောင်းရှိလာနိုင်သည်။
- အကြားအာရုံဆုံးရှုံးသော ကလေး ထက်ဝက်ခန့်တွင်သာ အကြားအာရုံ ပြဿနာများရှိဖူးသည့် မိသားစုရာဇဝင်ရှိတတ်ကြသည် သို့မဟုတ် အခြားရောဂါဖြစ်နိုင်ခြေ အန္တရာယ်များရှိတတ်ကြပါသည်။

## ကျွန်ုပ်၏ကလေးကို မည်သည့်အချိန်တွင် အကြားအာရုံ စစ်ဆေးရမည်နည်း။

အကြားအာရုံ စစ်ဆေးမှုကို သင်ဆေးရုံမဆင်းမီ ပြုလုပ်ပေးသင့်ပါသည်။ ဆေးရုံအများစုသည် မွေးဖွားပြီး ၁၂ နာရီမှ ၂၄ နာရီပြည့်သည့်နောက် ကလေး၏ အကြားအာရုံကို စစ်ဆေးပါသည်။

သင်သည် အိမ်တွင်မီးဖွားသူဖြစ်လျှင် သင့်သားဖွားဆရာမသည် မွေးကင်းစပထမအပတ်များတွင် သင့်ကလေးကို စစ်ဆေးပေးပါမည်။



## ကျွန်ုပ်ကလေး၏ အကြားအာရုံကို မည်သူက စစ်ဆေးပေးမည်နည်း။

အကြားအာရုံ စစ်ဆေးမှုကို နားအကြားအာရုံအထူးကု၊ သူနာပြု၊ လေ့ကျင့်ပေးထားသော ကျွမ်းကျင်ပညာရှင်၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကုထုံးပညာရှင် သို့မဟုတ် သားဖွားဆရာမက ပြုလုပ်ပေးနိုင်ပါသည်။

## ကျွန်ုပ်ကလေး၏ အကြားအာရုံကို မည်သို့ စစ်ဆေးမည်နည်း။

အကြားအာရုံ စစ်ဆေးမှုများသည် ဘေးကင်း၍ မြန်ဆန်ပြီး နာကျင်မှုမရှိပါ။ ကလေးအများစုသည် တစ်ချိန်လုံး အိပ်နေတတ်ကြပြီး သင့်ကလေးထံမှ တုံ့ပြန်မှုကိုလည်း မလိုအပ်ပေ။

သေးငယ်သော စမ်းသပ်တံတစ်ခုကို သင့်ကလေး၏ နားအတွင်း သို့မဟုတ် ၎င်း၏နားအပေါ် ရှိ နားခွက်များထဲသို့ ထည့်ပြီး ညင်သာသော အသံများကို နားထောင်စေသည်။ စက်ကိရိယာသည် တုံ့ပြန်မှုများကို တိုင်းတာပြီး စစ်ဆေးပြီးသည့်အခါ အဖြေများကို ရရှိနိုင်ပါမည်။

## မွေးကင်းစကလေးကို အကြားအာရုံ စစ်ဆေးရာ၌ ဖြစ်နိုင်ခြေရှိသော အဖြေများမှာ အဘယ်နည်း။

**အောင်မြင်သည်** ဆိုသည်မှာ ယခုအချိန်တွင် နောက်ထပ်စစ်ဆေးရန် မလိုအပ်ဟု ဆိုလိုပါသည်။

**လွှဲပြောင်းရန်** ဆိုသည်မှာ သင့်ကလေးသည် အကြားအာရုံ စစ်ဆေးမှုကို မအောင်မြင်ဟု ဆိုလိုပါသည်။ ၎င်းသည် အကြားအာရုံ ဆုံးရှုံးမှုရှိသည်ဟု အတည်မပြုသော်လည်း နောက်ဆက်တွဲ အကြားအာရုံ စစ်ဆေးမှုကို လိုအပ်ပါသည်။

**မပြီးမြောက်ပါ/ကြိုးပမ်းထားသည်**ဆိုသည်မှာ စစ်ဆေးမှုကို စောစီးစွာ ရပ်တန့်လိုက်ရပြီး နောက်ထပ်စစ်ဆေးမှုတစ်ခုကို လိုအပ်သည်ဟု ဆိုလိုပါသည်။ ၎င်းသည် ကလေး၏လှုပ်ရှားမှုအဆင့်၊ ပတ်ဝန်းကျင်ရှိ ဆူညံသံ သို့မဟုတ် စက်ကိရိယာ ပြဿနာများကြောင့် ဖြစ်နိုင်သည်။

သင့်ကလေး၏ အကြားအာရုံ စစ်ဆေးမှု အဖြေများကို သင်၊ သင့်ကလေး၏ ကျန်းမာရေး စောင့်ရှောက်ပေးသူ၊ **VTEHDI** အစီအစဉ်အား မျှဝေပေးပါမည်။

## ကျွန်ုပ်ကလေးသည် အကြားအာရုံ စစ်ဆေးမှုကို မရရှိပါက သို့မဟုတ် အခြား စစ်ဆေးမှုကို လိုအပ်ပါက မည်သို့ လုပ်ရမည်နည်း။

**VTEHDI** အစီအစဉ်သည် ပြင်ပလူနာ ရက်ချိန်းယူရာတွင် သင့်အားကူညီရန် သင်နှင့်/သို့မဟုတ် သင့်ကလေး၏ဆရာဝန်ထံသို့ ဖုန်းခေါ်ဆိုပါမည်။ သင်သည် **VTEHDI** သို့လည်း ဆက်သွယ်နိုင်ပါသည် (ဆက်သွယ်ရန်အချက်အလက်ကို ဤလက်ကမ်းစာစောင်၏ ကျောဘက်တွင် ကြည့်ပါ)။

ရပ်ရွာဆေးရုံ၊ နားအကြားအာရုံကုသရေးရုံး သို့မဟုတ် ကလေးကျန်းမာရေး စောင့်ရှောက်ပေးသူရုံးတွင် ပြင်ပလူနာ ရက်ချိန်းများယူနိုင်ပါသည်။



### ကျွန်ုပ်တို့သည် ၁-၃-၆ နည်းလမ်း* ကို အသုံးပြုပါသည်

**၁** - မွေးကင်းစကလေးအားလုံး၏ အကြားအာရုံကို ဆေးရုံးမဆင်းမီ သို့မဟုတ် အသက် **၁ လ** မပြည့်မီ စစ်ဆေးသည်။

**၃** - နောက်ထပ်စစ်ဆေးမှုလုပ်ရန် လိုအပ်သောကလေးများတွင် အသက် **၃ လ** မပြည့်မီ ရောဂါလက္ခဏာကို တွေ့ရှိရလိမ့်မည်။

**၆** - အတိုင်းအတာတစ်ခုအထိ အကြားအာရုံဆုံးရှုံးမှုရှိနေကြောင်း တွေ့ရသော ကလေးများအား အသက် **၆ လ** မပြည့်မီ အစောပိုင်း ကြားဝင်ကူညီရေး အထူး ဝန်ဆောင်မှုများသို့ လွှဲပြောင်း၍ စာရင်းသွင်းပေးပါမည်။

* *မွေးကင်းစကလေး အကြားအာရုံဆိုင်ရာ အမျိုးသားပူးတွဲ ကော်မရှင် (JCIH) လမ်းညွှန်ချက်များကို အခြေခံထားပါသည်။*

Burmese